မဲတောကျေးရွာ

မဲတောအုပ်စု

ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

မဲတောကျေးရွာသည် မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ မဲတောကျေးရွာအုပ်စု ၊ ပြင်ဦးလွင်မြို့နယ်၏ မြောက်ဘက်၊ ပြင်ဦးလွင်-မိုးကုတ် ကားလမ်းမဘေးတွင် တည်ရှိသည်။ မြောက်ဘက်တွင်ညောင်ကုန်းကျေးရွာနှင့်တောင်ဘက်တွင်နောင်ပိန်ကျေးရွာတို့တည်ရှိသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး သမပိုင်းဇုံတွင်ပါဝင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၆၀)ခန့် ရရှိသည်။ကျေးရွာအနီးတွင်သစ်တောအနည်းငယ် သဘာဝပေါက်ပင် များမှာ ဝါး၊မျိုးခြားသစ်၊သစ်အယ်၊ဥဇော်ဖို နှင့် အခြား အပင်အနည်းငယ်သာ ပေါက်ရောက်သည်။ မိုးရာသီတွင် စိုက်ပျိုးနိုင်သော လယ်ယာမြေ (၂၀၀)ဧကခန့်ရှိသည်။ ကျေးရွာအနီးတွင် စိမ့်စိမ်းရေရှိ၍ သွယ်ယူစိုက်ပျိုးနိုင်သည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် မီးကော်မတီအဖွဲ့နှင့်ရေကော်မတီအဖွဲ့တို့ ဖွဲ့စည်းထားရှိပါသည်။ ကျေးရွာတွင်သာရေး နာရေးလူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျင် ရွာသားများစည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သောအလေ့အကျင့်ကောင်းများ ရှိပါသည်။ ပြင်ပမှ အသေးစား ချေးငွေအဖွဲ့များနှင့် ခြံုငုံ၍သုံးသပ်ရလျှင်သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်း ထားသော အဖွဲ့အစည်းများကအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးကို စိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် စပါးနှင့်ဂျင်းဖြစ်၍ မိုးရာသီ တွင် စိုက်ပျိုးကြသည်။ ကျေးရွာတွင် စပါးစိုက်ပျိုးမြေ ဧက (၁၀၀)ခန့်ရှိပြီး ဂျင်းကိုဧက(၈၀)ခန့် စိုက်ပျိုးကြသည်။ စပါးကို တန်ခူးလတွင် စတင်စိုက်ပျိုးလေ့ရှိပြီး တော်တလင်းလတွင် ရိတ်သိမ်းကြသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ ၄၀ တင်းမှ ၅၀ တင်း ထိ ဖြစ်သည်။

ပန်း၊ပဲသီး၊မုန်ညင်းနှင့် အခြားဟင်းသီး/ဟင်းရွက်များကိုလည်းစိုက်ပျိုးကြပြီး စိုက်ပျိုးရေးကို စိမ့်စမ်း မှ သွယ်ယူရရှိပါသည်။

အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာတွင်ခိုင်းကျွဲ(၅၀) ကောင်ခန့်သာ မွေးမြူကြပြီး အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်မှုနည်းသည်ကို တွေ့ရပါသည်။

(အိမ်ထောင်စုဇယား အချက်အလက်များရရှိလျှင် ကိန်းဂဏန်းအချက်အလက်နှင့်တကွ ပိုမိုပြည့်စုံအောင် ရေးနိုင်ပါမည်။)

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန် အဝီစိရေတွင်းနှင့်စက်ရေတွင်း အိမ်တိုင်းနီးပါးတူးဖော်၍သုံးစွဲကြသည်ကိုတွေ့ရပြီး သောက်သုံးရေ အခက်အခဲမရှိသော်လည်း ထုံးခါတ်ပါဝင်မှုများသည်ကိုတွေ့ရသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းကိုမူ (၁၀)မိုင် ခန့်ဝေးသောမိုးကြိုးရပ်၊ရပ်ကွက်ကြီး(၂၁)နှင့်(၁)မိုင်ခန့်ဝေးသောနောင်ပိန်ကျေးရွာတို့တွင် သွား၍တက်ရောက်ကြရသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာတွင်းရှိ ကျေးလက်ဆေးပေးခန်း မှ ရရှိပါသည်။

ကျေးရွာတွင်လျှပ်စစ်မီးကိုပုဂ္ဂလိက(ကျောက်မဲလေးကျေးရွာမှတဆင့်) မှ ကိုယ်ထူကိုယ်ထသွယ်ယူရသောကြောင့် မီးရရှိသော်လည်း ပေးရသောနှုန်းထားမှာများလွန်းပြီး ရွာလုံးကျွတ်မီးမလင်းနိုင်ခြင်းတို့ကြောင့် လျှပ်စစ်မီးအသုံးပြုရသည်မှာအခက်ခဲရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် သမဝါယမအသင်းမှလည်းအတိုး (၂%) ကျပ်နှုန်းဖြင့် ချေးယူသူ တောင်သူ(၂၀)ဦးရှိပြီးချေးငွေပမာဏကျပ်သိန်း(၂၀)ခန့်ရှိသည်။ အခြားအသေးစားချေးငွေ ဝန်ဆောင်မှု အနေဖြင့် ကျေးရွာမှာချေးယူခြင်း မရှိပါ။(အဖွဲ့အမည်နှင့် ဘယ်လောက်ပမာဏအထိရနိုင်သည်ကို ရေးနိုင်လျှင် ပိုကောင်းမည်။) တောင်သူလယ်သမားများသာမကဘဲ အခြား အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်ရန်(ဥပမာ-တစ်နိုင်တစ်ပိုင်မွေးမြူရေး၊အရောင်း အဝယ်) ချေးငွေဝန်ဆောင်မှု များ လိုအပ်ပါ သည်။

(င) ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များ ဖြင့် ဘွဲ့ရသူအနည်း ငယ် သာရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းသာရှိပြီး အလယ်တန်းနှင့် အထက်တန်းကိုကျေးရွာနှင့်(၆)မိုင် ခန့်ဝေးသော ရပ်ကွက်ကြီး(၂၁) မိုးကြိုးရပ်သို့သွား၍တက်ရောက်ကြရသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာအသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက် နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး

ဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး၊ ဟင်းသီး ဟင်းရွက်ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင် အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စု ဝင်များ ကလေး သူငယ်များ အပါအဝင်ယေဘုယျ အားဖြင့် အာဟာရမာတ်ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ကျေးရွာရှိကျေးလက်ကျန်းမာရေး ဆေးပေးခန်းမှရရှိကြသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း(၂)ဦးရှိသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ခါတ်မြေသြဇာများနှင့်ပိုးသတ်ဆေးဗူးများ အများအပြားသုံးစွဲလာပြီး စနစ်တကျ စွန့်ပစ်မှုမရှိခြင်းတို့ကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်အားနည်းပြီး ထိခိုက်လွယ်မှုမြင့်လာခြင်း၊ ကျေးရွာအနီးသစ်တောများအား ခုတ်လှဲခြင်းများကြောင့် သစ်တောများမရှိတော့ဘဲ ပြုန်းတီးကာ ရာသီဥတုကို များစွာထိခိုက်စေသည်ကိုတွေ့ရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်းစသည့်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်း အမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားနှင့်အတူပူးပေါင်း ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည်အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင်အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	**စိုက်ပျိုးရေး**	ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းရေး	၅
		သဘာဝပိုးသတ်ဆေးထုတ်လုပ်နည်း	၅
		မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း	၇
		သစ်ခွစိုက်ပျိုးနည်းသင်တန်း	၅
		လယ်ယာသုံးစက်ကိရိယာအရစ်ကျရောင်းချခြင်း	၅
		နှစ်ရှည်ပင်စိုက်ပျိုးခြင်း	၅
		သစ်ခွစိုက်ပျိုးနည်းသင်တန်း	၅
၂	**ကျန်းမာရေး**	ဆေးခန်းသုံးပရိဘောဂများပံ့ပိုးခြင်း	၅
		ဆေးပစ္စည်း/ဆေးဝါးကျန်းမာရေးလေ့ကျင့်ခန်းသုံးပစ္စည်း	၂
		ရွာဘေးကြက်ခြံများရှင်းလင်းပေးရန်	၂
		အရံသားဖွားသင်တန်း	၂
		ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ	၂
၃	**လူငယ်နှင့်အားကစား**	မူးယစ်ဆေးကာကွယ်နှိမ်နှင်းရေးအဖွဲ့တရားဝင်ဖွဲ့စည်းရန်	၄
		မူးယစ်ဆေးကာကွယ်တားဆီးမှုသင်တန်းပို့ချပေးရန်	၄
		ရိုးရာတီးဝိုင်းခေတ်ပေါ်တီးဝိုင်းများထူထောင်ပေးရန်	၄
		အဆို၊အက၊အရေး၊အတီးသင်တန်းများပို့ချပေးရန်	၄
		ခေတ်မီစာကြည့်တိုက်ထူထောင်ပေးရန်	၄
၄	**အခြေခံအဆောက်အဦ**	ရွာတွင်းလမ်းပြုပြင်ခြင်း	၁
၅	**ပညာရေး**	ဆရာများအားဒေသခံများဦးစားပေးခန့်ထားပေးရန်	၃
		ဆရာဖြစ်သင်တန်း/မွမ်းမံသင်တန်း	၃
		ကျောင်းဆောင်သစ်/တိုးချဲ့ဆောက်လုပ်ခြင်း	၃

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၆	ဘဏ္ဍာနှင့်ငွေကြေးဝန်ဆောင်မှု	နှစ်ရှည်ချေးငွေထူထောင်ပေးရန်	၇
၇	ထုတ်ကုန်လုပ်ငန်း (SMLE)	စက်ချုပ်အဆင့်မြင့်သင်တန်း	၈
		ပန်းရံလက်သမားအဆင့်မြင့်(မွမ်းမံ)သင်တန်း	၈
		ဆွယ်တာထိုးသင်တန်း	၈
		မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း	၈
		ကား/ဆိုင်ကယ်ပြုပြင်နည်းသင်တန်း	၈
		လျှပ်စစ်ပြုပြင်သင်တန်း	၈
၈	သဘာဝဘေးလျှော့ချရေး	မြေထိန်းနံရံများတည်ဆောက်ခြင်း	၉